Käännös: Keski-Suomen tulkkikeskus

Myanmar(Burma)

## Maahanmuuttajanainen ja tyttö, tunnetko oikeutesi Suomessa ?

## နိုင်ငံပြောင်းရွှေ့လာကြသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်လေးများ၊ ဖင်လန်နိုင်ငံတွင်ရှိသည့် သင်တို့၏ အခွင့်အရေးများကို သိကြပါသလား။

သင့်ကို အိမ်ထဲတွင်(သို့)အခြားတနေရာတွင် အနိုင်အထက်ကျင့်ခံရခြင်း(သို့)ခြိမ်းခြောက်ခံရခြင်းမျိုး ရှိပါသလား။ သင့်အား သူငယ်ချင်းများ(သို့)ဆွေမျိုးများနှင့်တွေ့ဆုံရန် တားဆီးမှု(သို့)၄င်းတို့နှင့်ဆက်သွယ်ရန် တားမြစ်မှုမျိုး ရှိပါသလား။ အိမ်အပြင်ဖက်ထွက်ရန်၊ ဥပမာအားဖြင့် ဈေးဆိုင်၊ စာတိုက်၊ သင်တန်း၊ ဆရာဝန်ဆီစသည်တို့၊ (သို့) အခြားတနေရာရာသို့သွားလိုသောအခါ အခွင့်တောင်းခံရပါသလား၊ သင့်အသက်တာတလျှောက်တွင် ဤဖော်ပြပါအကြောင်းချင်းရာများကို တွေထိသိခဲ့ဘူးပါသလား။

၄င်းကို အကြမ်းဖက်မှုဟုခေါ်သည်။ အကြမ်းဖက်မှုသည် သင်၏လူ့အခွင့်အရေးကို ထိခိုက်စေသည်။ ဖင်လန်နိုင်ငံတွင် ပြဋ္ဌာန်းထားသည့်ဥပဒေအရ၊ အကြမ်းဖက်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။ အမျိုးသမီးများနှင့်ပတ်သက်၍ အကြမ်းဖက်မှုအမျိုးမျိုးရှိသည်။

သင့်ကိုပစ္စည်းတစုံတခုဖြင့်ပစ်ခြင်း၊ ရိုက်ခြင်း၊ တွန်းခြင်း၊ ကန်ကြောက်ခြင်း၊ လည်ပင်းညှစ်ခြင်းနှင့် လက်လိမ်ချိုးခြင်းစသည်တို့သည် **ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း**ဖြစ်သည်။ ခြိမ်းခြောက်ခြင်း၊ အပြစ်တင်ခြင်း၊ အမည်အမျိုးမျိုးပေးခြင်း၊ နောက်မှနေ၍လိုက်နေခြင်း၊ စောင့်ကြည့်ခြင်း၊ အဓိပ္ပါယ်မရှိသည့်အရာများ ပြောဆိုခြင်း၊ အထင်အမြင်သေးခြင်းစသည်တို့သည် **စိတ်အားဖြင့် အကြမ်းဖက်ခြင်း**ဖြစ်သည်။ အိပ်သည့်အခါ၊ ခလေးထိန်းသည့်အခါ၊ ဖုံးကိုင်ခြင်းကို တားဆီးခြင်းတို့မှာလည်း အကြမ်းဖက်ခြင်းဖြစ်သည်။ စီးပွါးရေးအရ ငွေရေးကြေးရေးနှင့်ပတ်သက်၍ အခွင့်အရေးယူခြင်း (သို့) ချုပ်တည်းခြင်း၊ ငွေရေးကြေးရေးနှင့်ပတ်သက်၍ လိမ်လည်ခြင်း၊ ငွေညှစ်ခြင်း၊ မိမိကိုယ်ပိုင်ငွေရရှိမှုနှင့်သုံးစွဲရန်ကို ပိတ်ပင်တားမြစ်ခြင်းတို့မှာ **ငွေကြေးအရ အကြမ်းဖက်ခြင်း**ဖြစ်သည်။ လိင်ဆက်ဆံခြင်းနှင့် လိင်ဆက်ဆံမှုကို အတင်းအကြပ်ပြုလုပ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ မိမိအနေနှင့် မနှစ်သက်သော ကိုင်တွယ်ထိတွေ့မှုများပြုလုပ်ခြင်းစသည်တို့သည် **လိင်နှင့်ပတ်သက်သည့် အကြမ်းဖက်မှုများ**ဖြစ်သည်။ ဂုဏ်သိက္ခာ၊ မာန်မာနနှင့်ပတ်သက်သည့် အကြမ်းဖက်မှုသည် မိသားစု (သို့) ဆွေမျိုးအသိုင်းအဝိုင်းအတွင်းတွင် ဖြစ်ပျက်သည့် **ဂုဏ်သိက္ခာကာကွယ်မှုနှင့်ပတ်သက်သည့် အကြမ်းဖက်မှု**ဖြစ်သည်။ အများအားဖြင့် ဖြစ်လေ့ရှိ သော အကြမ်းဖက်မှုများမှာ ပုံစံအမျိုးမျိုးရှိပြီး၊ အတင်းအဓမ္မအိမ်ထောင်ပြုစေခြင်း၊ (သို့)အခြားနည်းလမ်းများ ဖြင့်အဓမ္မပြုလုပ်ဆောင်ရွက်စေခြင်း၊ လှုပ်ရှားသွားလာမှုကို ကြပ်တည်းစွာချုပ်ကိုင်ခြင်း၊ စာသင်ကြားခြင်းကို ပိတ်ပင်ခြင်းနှင့် လူသတ်မှုဖြစ်သည်အထိ အကြမ်းဖက်ကြသည်။

ဖင်လန်နိုင်ငံတွင် လူမှုဖူလုံရေးဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် လုံခြုံရေးဂေဟာများရှိအမှုထမ်းများအနေနှင့် ့ဂုဏ်သိက္ခာကာကွယ်မှုနှင့်ပတ်သက်သည့် အကြမ်းဖက်မှုမျိုးနှင့်ရင်ဆိုင်ရသည့် နိုင်ငံပြောင်းရွှေ့လာသူ အမျိုးသမီးများ၊ ခလေးများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးကြရသည်။ ဝန်ထမ်းများသည်၊ ဤကိစ္စများနှင့် ပတ်သက်၍ ဖြေရှင်းရန် ထိရောက်သောနည်းလမ်းများရှိသည်။ အန္တရာယ်ရှိသည့် အခြေအနေမျိုးတွင် မိသားစုတခုလုံး အဖြေရှာရန်အတွက်(သို့)ဘာသာတူ၊ လူမျိုးတူလူမှုအဖွဲ့အစည်း၏ အကြံပေးဆွေးနွေးခြင်းသည် အရေးကြီးသည်။

ဖြစ်ပေါ်နေသည့်အခြေအနေအတွင်းသို့ လျှင်မြန်စွာစွက်ဖက်ပြီး အကြမ်းဖက်မှုမပါဝင်သော လုပ်ဆောင်ချက်မျိုးထဲမှ တခုခုကိုရွေးချယ်နိုင်ရန် ကမ်းလှမ်းရမည်။ အကယ်၍သင်သည် ဂုဏ်သိက္ခာကာကွယ်မှုနှင့်ပတ်သက်၍ အနိုပ်စက်ခံနေရသူဆိုပါက၊ သင့်အနေနှင့် သင်၏အခြေအနေကို ဝန်ထမ်းများကိုပြောပြရဲဖို့ရန်မှာ အရေးကြီးသည်။ သို့မဟုတ်ပါက သင့်အားမည်သို့မျှမကူညီနိုင်ပါ။ အများအားဖြင့် ၎င်းတို့အထဲတွင် မိမိတို့သဘောမတူပဲ အဓမ္မအိမ်ထောင်ချပေးခြင်းခံရသော ငယ်ရွယ်သည့်မိန်းခလေးများအနေနှင့် မိမိတို့ကျရောက်နေသည့် အခြေအနေကို မပြောရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးများနှင့်မိသားစုဖက်မှဖြစ်ပေါ်လာမည့် ဆိုးရွားသောနောက်ဆက်တွဲများကို ကြောက်ကြသောကြောင့်ဖြစ်သည်။

နိုင်ငံပြောင်းရွှေ့လာသော နောက်ခံသမိုင်းရှိသည့် မိဘများ၏ စိတ်ပျက်စရာများ၊ ဘေးမဲ့ပြုခြင်းခံခဲ့ရသူများသည် ဖင်လန်နိုင်ငံ၏လူမှုရေးအဖွဲ့အစည်းကို နားလည်ဖို့ရန်ခက်စေနိုင်သည်။ ၎င်းတို့အနေနှင့် အကျင့်သိက္ခာမဲ့ခြင်းနှင့် ကြောက်မက်ဖွယ်ရာကဲ့သို့ ခံစားရသည်။ ဤသို့ဖြစ်ခြင်းကြောင့်၊ လုပ်ရိုးလုပ်စဉ်အတိုင်းစဉ်းစားပြီး လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဂုဏ်သိက္ခာဆည်ခြင်းမှာပို၍အမှတ်ထင်လာသည်။ အကယ်၍ မိဘများအနေနှင့် အသစ်သောလူမှုရေးအဖွဲ့အစည်းတွင် မိမိနှင့်သင့်တော်သည့်နေရာကို အောင်မြင်စွာရှာဖွေတွေ့ရှိခဲ့ကြသည်ရှိသော်၊ ဥပမာအားဖြင့်၊ ကလေးများအနေနှင့် ဖင်လန်နိုင်ငံသားများကဲ့သို့ နေထိုင်ကျင့်ကြံသည်ကို မဖြစ်မနေကြောင့် ကျစိုးရိမ်စရာတရပ်အနေဖြင့် ၎င်းတို့အပေါ် ထိရောက်မှုမရှိပေ။

## Tärkeitä numeroita ja osoitteita hätätilanteen varalle:
## အရေးပေါ်ကိစ္စများအတွက် အရေးကြီးသည့်ဖုံးနံပါတ်များနှင့်လိပ်စာများ။

### Tärkeät numerot hätätilanteessa
### အရေးပေါ်အခြေအနေများအတွက် အရေးကြီးဆုံးသော ဖုံးနံပါတ်များ။

<u>အရေးပေါ်နံပါတ်</u> ၁၁၂၊
<u>ရဲဌာနသို့</u>အရေးပေါ်နံပါတ် ၁၁၂၊

**Kriisikeskus Mobile** **၂၄နာရီဖွင့်သည်/ အချိန်ကြိုတင်ယူရန်မလို၊**
ဖုံးနံပါတ်၊ ၀၁၄–၆၂၅၉၆၀
Asemakatu 2 (2.krs)လိပ်စာ။ ။ အာစေမာကာတူ ၂၊ (ဒုတိယထပ်)
Jyväskylä ယူဗက်(စ်)ကရူလာမြို့၊
(အတွင်းဖက်ခြမ်းမှ ဝင်ရောက်ရန်)

**Valtakunnallinen Naisten Linja 0800 02400**
**နိုင်ငံတော်အမျိုးသမီးများအဖွဲ့အစည်း၏ ဖုံးလိုင်း ၊ ၀၈၀၀ ၀၂၄၀၀**

အခမဲ့ဖုံးလိုင်းဖြစ်သည်။ အမျိုးသမီးများအဖွဲ့အစည်း၏ဖုံးလိုင်းကို ၂၀၀၂ ခုနှစ်၊ နွေကူးရာသီတွင်စတင်ခဲ့ပြီး၊ အကူအညီပေးသောအမျိုးသားဖုံးလိုင်းဖြစ်သည်။ ၎င်းဖုံးလိုင်းမှနေ၍ အကြမ်းဖက်မှု (သို့)အကြမ်းဖက်မှုနှင့်

ပတ်သက်သည့်ခြိမ်းခြောက်မှုကို ကြုံတွေ့ခဲ့ရသော အမျိုးသမီးများနှင့် မိန်းခလေးများနှင့်တကွ၊ ၎င်းတို့၏ မိသားစုများနှင့်မိတ်ဆွေများကို အကြံပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် အထောက်အကူပြုခြင်းကိုပေးသည်။

**Monika-naiset Liitto ry**
**မော်နီကာ အမျိုးသမီးအသင်းအဖွဲ့။**

**တနင်္လာနေ့မှ တနင်္ဂနွေနေ့အထိ ၂၄နာရီပတ်လုံး၊ ဖုံးနံပါတ် ၀၉-၆၉၂ ၂၃၀၄**
**info@monikanaiset.fi**
**www.monikanaiset.fi**

- အကြမ်းဖက်မှုကင်းရှင်းသော အသက်တာမျိုးကို သင့်အနေနှင့် ခံစားခွင့်ရှိသည်။
- သင့်အနေနှင့် အကူအညီရရှိရန် ခံစားခွင့်ရှိသည်။
- အမည်မဖော်ပဲလည်း ဖုံးဆက်နိုင်သည်။

**တနင်္လာနေ့မှ သောကြာနေ့အထိ မနက် ၉နာရီမှ ညနေ ၄နာရီအထိ၊**
ကျွန်ုပ်တို့၏ ဖုံးနံပါတ်များမှာ၊
**၀၉-၆၉၂၂၃၀၄** **ဟယ်(လ်)စင်ကီ** (Helsinki)
**၀၉-၈၃၉၃၅၀၁၃** **ဗန်တာ** (Vantaa)
**၀၄၅-၁၃၂၉၆၂၂** **အိုးလူ**(Oulu **တနင်္လာနေ့မှကြာသပတေးနေ့အထိ၊၁၁နာရီမှ ၃နာရီအတွင်း)**